ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၂၀)
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၆)ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက် )

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( WHO )မှ Coronavirus Disease 2019 ( COVID-19 )အား ကမ္ဘာ့ကပ်ရောဂါတစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ရာ COVID-19 ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးတို့အတွက်စစ်ကိုင်းတိုင်းဒေသကြီးCoronavirus Disease 2019 ( COVID-19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ခရိုင်/မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်း တာဝန်ပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ COVID-19 အဆုတ်ရောဂါနှင့်ပတ်သက်၍ WHO ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားချက်များအရ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သဖြင့် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးသော နည်းလမ်းမှာ မိမိအိမ်တွင် နေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိရန် လိုအပ်ပါသည်။ မဖြစ်မနေ အပြင်သို့ သွားရောက်သည့် အခါတိုင်း နှာခေါင်းစည်း Mask များတပ်ဆင်၍ သွားရောက်ရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခု ထက်ပို၍လည်းကောင်းCOVID-19 ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် (၁၂-၄-၂၀၂၀) ရက်နေ့မှ(ပယ်ဖျက်သည့်အမိန့်ထုတ်ပြန်သည့်နေ့ရက်အထိ)နေ့စဉ် အောက်ဖော်ပြပါစည်းကမ်းချက်များအတိုင်းလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

(က) နေ့စဉ် ည(၂၂၀၀)နာရီအချိန်မှ (၀၄၀၀)အချိန်အထိ မဖြစ်မနေ ကျန်းမာရေး လူမှုရေး ကိစ္စဖြင့် သွားလာခြင်းမှအပ လုံလောက်သော အကြောင်းပြချက်မရှိဘဲ မလိုအပ်ဘဲ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ကြရန်၊

(ခ) ကျန်းမာရေး၊ လုံခြုံရေး၊ မှုခင်းများနှင့်ပတ်သက်၍ မသင်္ကာဖွယ်ရာ လူပုဂ္ဂိုလ်များတွေ့ရှိရပါက နီးစပ်ရာ ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများထံ သတင်းပို့ ဆောင်ရွက်ပေးရန်၊

(ဂ) သင်္ကြန်ကာလအတွင်းရပ်ကွက်/ကျေးရွာများအတွင်း သင်္ကြန်ရေပက်ပြန်းခြင်း၊ ရေပက်မဏ္ဍပ် (အနီးလက်မဏ္ဍပ်အပါအဝင်)၊ လူစုဝေး၍သော်လည်းကောင်း၊ တစ်ဦးချင်းစီ သော်လည်းကောင်း ရေပက်ခြင်း၊ ရေပက်ခံထွက်ခြင်းမပြုလုပ်စေရေး ပိုင်ဝန်း ကြပ်မတ်ဆောင်ရွက်ရန်၊

(ဃ) ပြည်သူများအနေဖြင့် တတ်နိုင်သမျှ မိမိနေအိမ်အတွင်း၌သာ နေထိုင်ကြရန် ( Stay at Home ) ၊ မလိုအပ်ဘဲ အပြင်သို့ လုံးဝမထွက်ကြရန်နှင့် မဖြစ်မနေ ထွက်ရပါက နှာခေါင်းစည်း Mask များ တပ်ဆင်ပြီးမှသာ အပြင်သို့ ထွက်ခွာကြရန်၊

(င) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်





ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ စည်းကမ်းချက်များမှာ အများပြည်သူအကျိုးအတွက် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သဖြင့် တိကျစွာ လိုက်နာဆောင်ရွက်ပေးကြရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ပြည်သူအများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ)ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ်၊ ၃/၆-၁(၁၅)(၈၀၀)( COVID-19 )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်
ဖြန့်ဝေခြင်း
Coronavirus Disease 2019 ( COVID-19 )ကာကွယ်၊ ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၊ နေပြည်တော်
Coronavirus Disease 2019 ( COVID-19 ) ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ နေပြည်တော်
တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ မုံရွာမြို့
တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ(အားလုံး)စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာမြို့
တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ မုံရွာမြို့
ဥက္ကဋ္ဌ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ လဟယ်မြို့
တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ(အားလုံး)
ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ(အားလုံး)
မိတ္တူကို
- အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ရန်

ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

( ဗိုလ်မှူးကြီးသန်းထွန်းအောင် )
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့